Department of **Local Government, Industry Regulation and Safety**

GOVERNMENT OF WESTERN AUSTRALIA

Building and Energy Western Australia

Burmese | မြန်မာ

# ဆောက်လုပ်ရေးနှင့် စွမ်းအင်ဌာန အကြံပြုချက် ၁၀ချက်

***ဆောက်လုပ်ရေးလုပ်ငန်းရှင်ရွေးချယ်ခြင်းနှင့် အိမ်ဆောက်ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးခြင်း***



## ၁။ မှတ်ပုံတင် ဆောက်လုပ်ရေးလုပ်ငန်းရှင်ကို အသုံးပြုပါ

တည်ဆဲဥပဒေအရ၊ ဆောက်လုပ်ခွင့်လိုအပ်ပြီး ဒေါ်လာ ၂၀,၀၀၀ အထက် တန်ဖိုးရှိသော အိမ်ဆောက်လုပ်ခြင်းကို မှတ်ပုံတင် ဆောက်လုပ်ရေးလုပ်ငန်းရှင်က ဆောက်လုပ်ရမည်။

ဆောက်လုပ်ရေးလုပ်ငန်းရှင်တွင် ထိုက်သင့်သောအရည်အချင်းများ၊ အသိပညာ၊ အတွေ့အကြုံနှင့် လုပ်ငန်းတည်တံ့မှုရှိစေရန် သေချာအောင် မှတ်ပုံတင်စနစ်က စီစဉ်ထားသည်။

ဆောက်လုပ်ရေးနှင့် စွမ်းအင်ဌာန ဆောက်လုပ်ရေးလုပ်ငန်းရှင်များ မှတ်ပုံတင်စာရင်းသည် မှတ်ပုံတင်အမျိုးအစားနှင့် သက်တမ်းကုန်ဆုံးရက်ကို ဖော်ပြမည်ဖြစ်ပြီး ဆောက်လုပ်ရေးလုပ်ငန်းရှင်က ဆောက်လုပ်နိုင်သည့် အလုပ်အမျိုးအစားနှင့် ပတ်သက်၍ စည်းကမ်းချက်များကို ဖော်ပြထားသည်။

**အသုံးဝင်သောနေရာများ သွားရန်-**

- ဆောက်လုပ်ရေးလုပ်ငန်းရှင်များ မှတ်ပုံတင်စာရင်း
- ဆောက်လုပ်ရေးလုပ်ငန်းရှင်ရွေးချယ်သည့်အခါ အထောက်အကူဖြစ်စေသော စစ်ဆေးမှုများ
- အနောက်သြစတြေးလျရှိ ဆောက်လုပ်ခွင့်လျှောက်ထားရေးအတွက် လမ်းညွှန်

## ၂။ ဘက်မလိုက်သော သုံးသပ်ချက်များကို ရှာဖွေပါ

မည်သည့်လုပ်ငန်းမဆို သင့်ကုန်ကျစရိတ်အတွက် ဆောက်လုပ်ပေးမည့်ဈေးနှုန်းကို နှိုင်းယှဉ်ရန် ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးထက်ပို၍ စကားပြောဆိုခြင်းမှာ ထိုက်သင့်သော်လည်း ဈေးအသက်သာဆုံးသည် အကောင်းဆုံး ဖြစ်နိုင်မည်မဟုတ်ကြောင်း သတိထားပါ။

ဆောက်လုပ်ရန် ကြာမြင့်ချိန်၊ အရည်အသွေးနှင့် စာချုပ်ပါ စည်းကမ်းချက်များကို လိုက်နာမှုတို့နှင့်ပတ်သက်၍ ထောက်ခံချက်များကို တောင်းပြီး၊ ယခင် အလုပ်အပ်သူများနှင့် စကားပြောဆိုကြည့်ပါ။ အွန်လိုင်း သုံးသပ်ချက်များသည်လည်း အထောက်အကူဖြစ်နိုင်သော်လည်း အမြဲတမ်း ရည်မှန်းသည့်အတိုင်း သို့မဟုတ် အမှန်အတိုင်း မဖြစ်နိုင်ပါ။

လွန်ခဲ့သည့် ခြောက်နှစ်အတွင်း ဆောက်လုပ်ရေးဥပဒေအရ အပြစ်ပေးခံရသည့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များ သို့မဟုတ် စည်းကမ်းဖောက်ဖျက်သည့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များ အကြောင်း သတင်းထုတ်ပြန်ချက်များကို အွန်လိုင်းတွင် ထုတ်ပြန်ထားသောကြောင့် သင့်ဆောက်လုပ်ရေးလုပ်ငန်းရှင်ကို ထိုစာရင်းတွင် စစ်ဆေးခြင်းသည် အကျိုးရှိပါသည်။ ပြည်နယ်အုပ်ချုပ်ရေးခုံရုံး ဝက်ဘ်ဆိုဒ်တွင်လည်း ဆောက်လုပ်ရေးကိစ္စများကို ရှာဖွေနိုင်ပါသည်။

ရံဖန်ရံခါ ဆောက်လုပ်ရေးနှင့် စွမ်းအင်ဌာနသို့ လုပ်ငန်းအခြေအနေ ပြောင်းလဲမှုကို အကြောင်းမကြားမီနှင့် ဆောက်လုပ်ရေးလုပ်ငန်းရှင်မှတ်ပုံတင်စာရင်းတွင် ဖြည့်စွက်ပြင်ဆင်ခြင်းမပြုမီ ဆောက်လုပ်ရေးလုပ်ငန်းရှင်သည် လုပ်ငန်းမရပ်တည်နိုင်တော့၍ စာရင်းအင်းစီမံခံခြင်း သို့မဟုတ် လုပ်ငန်းဖျက်သိမ်းခြင်း ဖြစ်နိုင်သည်။ ဤဖြစ်ရပ်သည် ရှားပါးသော်လည်း သင်စိုးရိမ်ပါက၊ သြစတြေးလျ ငွေတိုက်စာချုပ် ရင်းနှီးမြုပ်နှံရေးနှင့် စီးပွားရင်းနှီးမြုပ်နှံရေး ကော်မရှင် (Australian Securities and Investments Commission) ထံမှ လက်ရှိနှင့် ယခင် ကုမ္ပဏီရာဇဝင်အကျဉ်းချုပ်ကို အခကြေးပေး၍ ရယူနိုင်သည်၊ ၎င်းတွင် ကုမ္ပဏီတစ်ခုသည် လုပ်ငန်းဖျက်သိမ်းခြင်း သို့မဟုတ် လုပ်ငန်းမရပ်တည်နိုင်တော့၍ စာရင်းအင်းစီမံခံရခြင်း ရှိ/မရှိကို ဖော်ပြထားသည်။

ပုဂ္ဂလိက လုပ်ငန်းရှင်များအတွက်၊ လုပ်ငန်းလူမွဲခံယူမှု ရှာဖွေ မှတ်ပုံတင်စာရင်းကို သြစတြေးလျဘဏ္ဍာရေး ငွေတိုက်စာချုပ်စာတမ်း အာဏာပိုင်အဖွဲ့ (Australian Financial Security Authority)မှတစ်ဆင့် ရှာဖွေနိုင်ပါသည်။ တစ်စုံတစ်ဦး၏ ယခင်ဘဏ္ဍာရေးဆိုင်ရာပြဿနာများသည် ၎င်းတို့၏လက်ရှိအခြေအနေအပေါ် မထင်ဟပ်နိုင်ပါ၊ ဤရှာဖွေမှုသည် ၎င်းတို့ လူမွဲခံယူခြင်းမှ လွတ်မြောက်ခဲ့သည် သို့မဟုတ် လက်ရှိလူမွဲခံယူလျက်ရှိသည်ကို ဖော်ပြထားသည်။

**အသုံးဝင်သောနေရာများ သွားရန်-**

- ဆောက်လုပ်ရေးနှင့် စွမ်းအင်ဌာန စည်းကမ်းထိန်းသိမ်းရေး သတင်းထုတ်ပြန်ချက်များ
- ပြည်နယ်အုပ်ချုပ်ရေးခုံရုံး
- သြစတြေးလျ ငွေတိုက်စာချုပ်ရင်းနှီးမြုပ်နှံရေးနှင့် စီးပွားရင်းနှီးမြုပ်နှံရေး ကော်မရှင်
- သြစတြေးလျဘဏ္ဍာရေး ငွေတိုက်စာချုပ်စာတမ်းအာဏာပိုင်အဖွဲ့

## ၃။ သဘောတူစီမံချက်များရေးဆွဲခြင်း (Preparation of Plans Agreement) ကဲ့သို့သော ပဏာမလုပ်ငန်း ကုန်ကျစရိတ်ကို စိစစ်မေးမြန်းပါ။

ဆောက်လုပ်ရေးစာချုပ် မချုပ်မီ သဘောတူစီမံချက်များရေးဆွဲခြင်း (PPA) ဟုခေါ်သော သင့်အိမ်နှင့် ဆောက်မည့်နေရာအတွက် သီးသန့် အစီအစဉ်များနှင့် နည်းပညာဆိုင်ရာ စာတမ်းများကို ရေးဆွဲခြင်းအတွက် သင်သည် ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ခုကို ဆောင်ရွက်ခိုင်းနိုင်ပါသည်။

PPA စာချုပ်တွင် ပါဝင်သော လုပ်ငန်းများသည် *နေအိမ်ဆောက်လုပ်ရေး စာချုပ်များ အက်ဥပဒေ ၁၉၉၁* (HBCA)တွင် အကျုံးဝင်သောလုပ်ငန်းများနှင့် မသက်ဆိုင်ပါ (အကြံပြုချက် ၅ ကိုကြည့်ပါ)။

အဆိုပါ ဆောက်လုပ်ရေးလုပ်ငန်းရှင်နှင့် အိမ်ဆောက်ရန် စာချုပ် မချုပ်ပါက PPA နှင့် ဆက်စပ်သော ကုန်ကျစရိတ်များကို ပြန်အမ်းပေးမည် မဟုတ်ပါ။ အကယ်၍ သင် အိမ်ဆောက်ရန် စာချုပ် မချုပ်ပါက အိမ်ပုံစံလုပ်ငန်းများနှင့်ပတ်သက်၍ စီမံချက်များနှင့် PPA ပါအရာများကို မည်သူ ပိုင်ဆိုင်ကြောင်းအပြင် သင်ပေးရနိုင်မည့်ကုန်ကျစရိတ်များကို မေးမြန်းရန် အရေးကြီးပါသည်။

## ၄။ စာချုပ် အောက်ခြေမှတ်ချက်ပါ စည်းကမ်းအသေးစိတ်အချက်အလက်များ အပါအဝင် စာချုပ်တစ်ခုလုံးကို ဖတ်ရှုပြီး နားလည်အောင်လုပ်ပါ

ဆောက်လုပ်ရေးစာချုပ်သည် ခက်ခဲရှုပ်ထွေးပြီး များသောအားဖြင့် စာချုပ် (ပါဝင်ပစ္စည်း အသေးစိတ်ဇယား၊ ဖြည့်စွက်ချက်စာတမ်း သို့မဟုတ် နောက်ဆက်တွဲ)၊ အိမ်ပုံစံနှင့် အတိုင်းအတာသတ်မှတ်ချက်များ ပါဝင်သည်။

အချို့ဆောက်လုပ်ရေးလုပ်ငန်းရှင်များသည် အိမ်ရှင်များအား ၎င်းတို့၏အိမ်အတွက် အင်ဂျင်နီယာပညာဆိုင်ရာ အတိုင်းအတာသတ်မှတ်ချက်များပါသည့် မိတ္တူကို မ ပေးသောကြောင့် သင့်အား မည်သည့်နည်းပညာဆိုင်ရာပုံစံများ ရယူခွင့် ပြုမည်ကို သင်၏ဆောက်လုပ်ရေးလုပ်ငန်းရှင်အား မေးမြန်းပါ။ သင့်အိမ်ဆောက်လုပ်ရေးကို စောင့်ကြည့်ရန် သင့်ကိုယ်ပိုင် ဆောက်လုပ်ရေး စစ်ဆေးရေးအရာရှိကို အသုံးပြုပါက ထိုသူသည် ဤပုံစံများကို ကြည့်ရှုခွင့် တောင်းပါလိမ့်မည်။ ဒေသန္တရအစိုးရအများစုသည် သင့်အား ဤစာရွက်စာတမ်းများ၏မိတ္တူကို ပေးဆောင်ရန် အခကြေးငွေကောက်ခံသောကြောင့် သင့်ဆောက်လုပ်ရေးသမားသည် သင့်အား ပေးဆောင်လိုခြင်းရှိ၊မရှိကို ကြိုတင်သိရှိရန် မေးမြန်းသင့်ပါသည်။

အနောက်သြစတြေးလျရှိ အိမ်ဆောက်လုပ်ရေးစာချုပ်များသည် 'စာချုပ်ဖျက်သိမ်းနိုင်ခွင့်' ကာလထည့်သွင်းရန် မလိုအပ်သောကြောင့် သင်စိတ်ပြောင်းပါက စာချုပ်ကို များသောအားဖြင့် ဖျက်သိမ်း၍ မရပါ။ ထို့ကြောင့် စာချုပ်ကို စေ့စေ့စပ်စပ်ဖတ်ပြီး စာချုပ် အောက်ခြေမှတ်ချက်ပါ စည်းကမ်းအသေးစိတ်အချက်အလက်များအပါအဝင် စာချုပ်၏အချက်တစ်ခုစီကို နားလည်ရန် အရေးကြီးပါသည်။ ရှေ့နေ၊ ဆောက်လုပ်ရေး ကျွမ်းကျင်သူ သို့မဟုတ် အခြားသက်ဆိုင်ရာ အတိုင်ပင်ခံထံမှ သင်နားမလည်သော မည်သည့်ကဏ္ဍများကိုမဆို ရှင်းလင်းချက် တောင်းခံပြီး ဘက်မလိုက်သော အကြံဉာဏ်ယူရန် ထည့်သွင်းစဉ်းစားပါ။

သင့်စာချုပ်တွင် ပါဝင်သောအချက်များ (နှင့် မပါဝင်သောအချက်များ)ကို နားလည်ခြင်းသာမကဘဲ သင့်တာဝန်ဝတ္တရားများအကြောင်းကို ရှင်းလင်းစွာသိထားသင့်ပြီး သင် ချုပ်ဆိုထားသော စာချုပ်အမျိုးအစားကို သိရှိထားသင့်ပါသည်။ အသုံးအများဆုံးအမျိုးအစားမှာ ဆောက်လုပ်ရေးအားလုံး၏ စုစုပေါင်းကုန်ကျစရိတ်အတွက် ကိန်းဂဏန်းတစ်ခုကို တွက်ချက်ထားသည့် တစ်လုံးတစ်ခဲစာချုပ်ဖြစ်သည်။ အခြားတစ်နည်းမှာ လုပ်ငန်းအလိုက် ကုန်ကျစရိတ်များကို တွက်ချက်ထားသည့်စာချုပ်ဖြစ်သည်။



## ၅။ အိမ်ဆောက်လုပ်ရေးစာချုပ်များ အက်ဥပဒေနှင့် ၎င်း၏သတ်မှတ်ချက်များကို သိရှိအောင်လုပ်ပါ

ယေဘူယျအားဖြင့် အနောက်သြစတြေးလျ၏ HBCA သည် အိမ်ပိုင်ရှင်နှင့် အိမ်ဆောက်လုပ်ရေးလုပ်ငန်းရှင်များ သို့မဟုတ် ဆက်စပ်သည့်အလုပ်ရှင်အကြား ချုပ်ဆိုသည့်စာချုပ်များကို စည်းမျဉ်းအရ ကြီးကြပ်ပေးသည်၊ ၎င်းတွင် ပုံသေ ဈေးနှုန်း စာချုပ်မှာ တန်ဖိုးအားဖြင့် ဒေါ်လာ ၇,၅၀၀ နှင့် ၅၀၀,၀၀၀အကြား ဖြစ်သည်၊၊

ဆောက်လုပ်ရေးလုပ်ငန်းရှင်သည် မှတ်ပုံတင်မထားသည့်တိုင် ဤအက်ဥပဒေတွင် အကျုံးဝင်ပါသည်။

ဤဥပဒေအရ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်သည် စာချုပ်မချုပ်ဆိုမီ အက်ဥပဒေ၏ သတ်မှတ်ချက်များကို အကျဉ်းချုပ်ဖော်ပြသည့် 'အိမ်ပိုင်ရှင်သို့အသိပေးချက်' မိတ္တူကို အိမ်ပိုင်ရှင်သို့ ပေးရမည်။

HBCA အက်ဥပဒေအရ အိမ်ပိုင်ရှင်များ သို့မဟုတ် အိမ်ပိုင်ရှင်မှ လွှဲအပ်ထားသော ပုဂ္ဂိုလ်သည် စာချုပ်တန်ဖိုး ဒေါ်လာ ၅၀၀,၀၀၀ အောက်တန်ဖိုးရှိသော အိမ်ဆောက်လုပ်နေဆဲ အလုပ်ကို စစ်ဆေးခွင့်ရှိသည်၊ ဆောက်လုပ်ရေးလုပ်ငန်း၏ ပုံမှန်အလုပ်ချိန်အတွင်း စစ်ဆေးရမည်ဖြစ်ပြီး ဆောက်လုပ်နေဆဲအလုပ်ကို အကြောင်းပြချက်မရှိဘဲ နှောင့်နှေးအောင်လုပ်ခြင်း သို့မဟုတ် အနှောင့်အယှက်ပေးခြင်း မပြုရပါ။ သင့်စာချုပ်တန်ဖိုးသည် ဒေါ်လာ ၅၀၀,၀၀၀ကျော်ပါက သင် သို့မဟုတ် သင့်ကိုယ်စားလှယ်သည် ဆောက်လုပ်နေဆဲအလုပ်ကို စစ်ဆေးနိုင်သည် ဟုတ်/မဟုတ် ဆောက်လုပ်ရေးလုပ်ငန်းအား တောင်းဆိုပြီး ဆောက်လုပ်ရေးလုပ်ငန်းရှင်၏ ခွင့်ပြုချက်ကို စာဖြင့် ရယူပါ။

**အသုံးဝင်သောနေရာများ သွားရန်-**

- [အိမ်ဆောက်လုပ်ရေးစာချုပ်များ အက်ဥပဒေ အချက်အလက်စာရွက်]
- [အိမ်ပိုင်ရှင်သို့ အသိပေးချက်]

## ၆။ ဆွေးနွေးမှုအားလုံးကို စာဖြင့် မှတ်တမ်းတင်ထားပါ

အငြင်းပွားမှုတစ်ခုပေါ်ပေါက်ပါက နှုတ်ဖြင့်သဘောတူညီချက်များသည် အကျိုးသက်ရောက်မှုအနည်းငယ်သာ ရှိနိုင်သည်။ ဆွေးနွေးမှုများကို လုံလောက်သော အသေးစိတ်ဖြင့် မှတ်တမ်းတင်ရန် ကြိုးစားပြီး အားလုံးကို စာဖြင့် အတည်ပြုခိုင်းပါ။ အလုပ်စသည့်နေ့မှစ၍ သင်၏ အိမ်စာရွက်စာတမ်းအားလုံးကို စနစ်တကျထားပါ။

## ၇။ အများဆုံးပေးရမည့် စရန်ငွေများနှင့် ဆောက်လုပ်ပြီးစီးမှုအဆင့်အလိုက် ငွေပေးချေရမည့်အချိန်ကို သတိထားပါ

HBCA အက်ဥပဒေနှင့် အကျုံးဝင်သည့် လုပ်ငန်းများအတွက်၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များသည် အလုပ်မစမီ စုစုပေါင်း ကုန်ကျစရိတ်၏ ၆.၅ရာခိုင်နှုန်းထက် မပိုသော စရန်ငွေကို အလုပ်အပ်သူထံမှ ရယူခွင့်ရှိသည်။

အလုပ်စပြီးသည့်နောက် ဆောက်လုပ်ပြီးစီးမှုအဆင့်အလိုက် ငွေပေးချေမှုများကို အမှန်တကယ်လုပ်ဆောင်ပြီးစီးသွားသည့် အလုပ်များအတွက်သာ ပေးချေရမည် သို့မဟုတ် ပို့ဆောင်ပြီးသားပစ္စည်းများအတွက်သာ ပေးချေရမည် - ဥပမာ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်သည် အုတ်များဝယ်ယူခြင်းနှင့်ပို့ဆောင်ခြင်းအတွက် ဆောက်လုပ်ပြီးစီးမှုအဆင့်အလိုက် ငွေပေးချေမှုကို အုတ်ခဲများ ပို့ဆောင်မှု မပြီးမချင်း မတောင်းဆိုနိုင်ပါ။ သို့ရာတွင် နံရံကပ်ဗီရိုလုပ်ငန်းအတွက် (လုပ်ငန်းခွင်ပြင်ပတွင် ပြီးစီးရမည့်လုပ်ငန်းသည် စုစုပေါင်းအလုပ်၏ ၅၀ ရာခိုင်နှုန်းကျော်တန်ဖိုးရှိပါက) ဆောက်လုပ်ရေးလုပ်ငန်းရှင်များသည် ကုန်ကျစရိတ်၏ ၂၀ ရာခိုင်နှုန်းအထိ စရန်ငွေတောင်းခံနိုင်သည်။

**အသုံးဝင်သောနေရာများ သွားရန်-**

- ဆောက်လုပ်ရေးစာချုပ်များနှင့် ဆောက်လုပ်ပြီးစီးမှုအဆင့်အလိုက် ငွေပေးချေမှုများ
- အိမ်ဆောက်လုပ်ရေးစာချုပ်ပါ စျေးနှုန်းတိုးမြှင့်ရေးအတွက် လမ်းညွှန်

## ၈။ စာရွက်စာတမ်းအားလုံးတွင် ဆောက်လုပ်ရေးလုပ်ငန်းရှင်၏ အသေးစိတ်အချက်အလက်များကို စစ်ဆေးပါ

အိမ်ဆောက်လုပ်ရေးလုပ်ငန်းရှင်၏အသေးစိတ်အချက်အလက်များသည် စာချုပ်များ၊ ငွေတောင်းခံလွှာများ၊ ပြေစာများနှင့် HII ပေါ်လစီ အပါအဝင် စာရွက်စာတမ်းအားလုံးတွင် အတူတူ တထေရာတည်း ဖြစ်နေရမည်။

မှတ်ပုံတင်ဆောက်လုပ်ရေး ကန်ထရိုက်တာ၏ အမည်သည် ဆောက်လုပ်ရေးလုပ်ငန်းရှင်မှတ်ပုံတင်စာရင်းတွင် ပါရှိသည့်အတိုင်း တထေရာတည်းတူနေစေရန် အထူးအရေးကြီးပါသည်။ တရားဝင်စာရွက်စာတမ်းများ ချအပ်ပေးရန် လိုအပ်ပါက တရားဝင် နေရပ်လိပ်စာ ပေးထားသင့်သည်။

ဖော်ပြထားသော ဩစတြေးလျ စီးပွားလုပ်ငန်းနံပါတ် (Australian Business Number (ABN)) သည် အဆိုပါ စီးပွားလုပ်ငန်း အမှန်တကယ် ဖြစ်ကြောင်း စစ်ဆေးပါ။ ဩစတြေးလျ စီးပွားလုပ်ငန်း မှတ်ပုံတင်စာရင်း (Australian Business Register)တွင် အခမဲ့ ရှာဖွေနိုင်ပါသည်။

**အသုံးဝင်သောနေရာများ သွားရန်-**

- ဆောက်လုပ်ရေးလုပ်ငန်းရှင်များ မှတ်ပုံတင်စာရင်း
- ဩစတြေးလျ စီးပွားလုပ်ငန်း မှတ်ပုံတင်စာရင်း

## ၉။ ဆောက်လုပ်ရေးလုပ်ငန်းရှင်၏ အိမ်နှစ်နာကြေး အာမခံလက်မှတ်မိတ္တူကို တောင်းပါ

အိမ်နှစ်နာကြေး အာမခံ (HII) ပေါ်လစီသည် တန်ဖိုးအားဖြင့် ဒေါ်လာ ၂၀,၀၀၀အထက်ရှိ လူနေအိမ်ဆောက်လုပ်ရေးအတွက် မဖြစ်မနေ အာမခံထားရမည်၊ ခြွင်းချက်မှာ ဆက်စပ်နေသော သီးသန့်အလုပ်ဖြစ်သည် (ဥပမာ- ရေကူးကန်များ၊ ကားရုံများ၊ အိမ်နောက်နေရာများ သို့မဟုတ် မြေတူးဖော်ညှိခြင်း အကယ်၍ ၎င်းတို့မှာ အခြား သက်ဆိုင်ရာစာချုပ်နှင့်တွင် မပါပါက)။

အိမ်နှစ်နာကြေး အာမခံ (HII) သည် အကယ်၍ ဆောက်လုပ်ရေးလုပ်ငန်းရှင် ဆောက်လုပ်ပြီးစီးသည့် နေ့ရက်မှ ခြောက်နှစ်အတွင်း သေဆုံးခြင်း ၊ ပျောက်ကွယ်သွားခြင်း သို့မဟုတ် လူမွဲခံယူသွားခြင်းဖြစ်ပါက စရန်ငွေ (ဒေါ်လာ ၄၀,၀၀၀အထိ) ဆုံးရှုံးခြင်း သို့မဟုတ် (ဒေါ်လာ ၂၀၀,၀၀၀အထိ) အိမ်ဆောက်လုပ်ပြီးစီးမှု ဆုံးရှုံးခြင်း သို့မဟုတ် ပြုပြင်ဆောက်လုပ်မှု ဆုံးရှုံးခြင်းအတွက် အိမ်ပိုင်ရှင်နှင့် နောက်အိမ်ပိုင်ရှင်များအား လျော်ကြေးပေးရန် အကျုံးဝင်သည်။

အလုပ်မစတင်မီ သို့မဟုတ် စရန်ငွေ သို့မဟုတ် ငွေပေးချေမှု မတောင်းဆိုမီ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်သည် အိမ်နှစ်နာကြေး အာမခံ (HII) လုပ်ထားရမည်၊ ထို့နောက် အာမခံလက်မှတ်ကို အိမ်ပိုင်ရှင်အား ပေးရမည်။

**အသုံးဝင်သောနေရာများ သွားရန်-**

- အိမ်နှစ်နာကြေး အာမခံ အချက်အလက်စာရွက်

## ၁၀။ ပြုပြင်ပေးမှုများနှင့် အငြင်းပွားမှုများအတွက် ကာလစည်းကမ်းသတ်များကို သတိထားပါ

HBCA အက်ဥပဒေအရ ဆောက်လုပ်ရေးလုပ်ငန်းရှင်များသည် လက်တွေ့လုပ်ငန်းပြီးစီးပြီး လေးလအတွင်း စာဖြင့် အကြောင်းကြားသောအခါ ပိုင်ရှင်အား အပိုကုန်ကျစရိတ်မရှိဘဲ ဆောက်လုပ်ရေးချို့ယွင်းချက်များကို ပြန်လည်ပြုပြင်ပေးရန် လိုအပ်ပါသည်။

ဆောက်လုပ်ရေးနှင့် စွမ်းအင်ဌာနသည် တစ်လုံးတစ်ခဲတည်း အိမ်ဆောက်လုပ်ရေးစာချုပ်များနှင့် စပ်လျဉ်းသည့် ဒေါ်လာ ၇,၅၀၀ နှင့် ၅၀၀,၀၀၀ ကြားတန်ဖိုးရှိ ငွေတစ်လုံးတစ်ခဲတည်း စာချုပ်ဆိုင်ရာ (ကုန်ကျစရိတ်-ပေါင်း စာချုပ်များ မပါပါ) အငြင်းပွားမှုများကိုသာ ဖြေရှင်းနိုင်သည်၊ အငြင်းပွားမှုဖြစ်ပွားသည့်အချိန်မှစပြီး သုံးနှစ်အတွင်း တိုင်ကြားမှုကို တင်သွင်းရမည်။

လက်ရာ စံနှုန်းများနှင့် ပတ်သက်၍ တိုင်ကြားစာများကို ဆောက်လုပ်ပြီးစီးပြီး ခြောက်နှစ်အတွင်း မည်သည့်ဆောက်လုပ်ရေးတန်ဖိုးအတွက်မဆို ဆောက်လုပ်ရေးနှင့် စွမ်းအင်ဌာနသို့ တိုင်ကြားနိုင်သည်။

**အသုံးဝင်သောနေရာများ သွားရန်-**

- အငြင်းပွားမှု ဖြေရှင်းရေး

**မြို့နယ်ကောင်စီ၊ လုပ်ငန်းစည်းကမ်းထိန်းသိမ်းရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဌာန**
**www.lgirs.wa.gov.au**

**ဒေသဆိုင်ရာရုံးများ-**

| | |
|---|---|
| Goldfields/Esperance | (08) 9021 9494 |
| Great Southern | (08) 9842 8366 |
| Kimberley | (08) 9191 8400 |
| Mid-West | (08) 9920 9800 |
| North-West | (08) 9185 0900 |
| South-West | (08) 9722 2888 |

**ဆောက်လုပ်ရေးနှင့် စွမ်းအင်ဌာနခွဲ**
နံနက် ၈:၃၀ မှ ညနေ ၄:၃၀ နာရီထိ
Level 1 Mason Bird Building
303 Sevenoaks Street
(Grose Avenueမှ ဝင်ပါ)
Cannington Western Australia 6107
Locked Bag 14, Cloisters Square Perth WA 6850
**ဖုန်းခေါ်ရန်** -၁၃၀၀ ၄၈၉ ၀၉၉
**အီးမေးလ်ပို့ ရန်** - be.info@lgirs.wa.gov.au
**www.lgirs.wa.gov.au/building-and-energy**

**တာဝန်မယူကြောင်းဆိုချက်-** ဤအချက်အလက်စာရွက်ပါ အချက်အလက်များကို အထွေထွေသတင်းအချက်အလက်များနှင့် လမ်းညွှန်တစ်ခုအဖြစ်သာ ရေးသားထားပါသည်။ ဥပဒေအကြံဉာဏ်အဖြစ် သို့မဟုတ် သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များ၏ တိကျမှန်ကန်သောထုတ်ပြန်ချက်တစ်ရပ်အဖြစ် မှီငြမ်းခြင်း မပြုသင့်ပါ။ သင်၏ ဥပဒေရေးဆိုင်ရာ တာဝန်ဝတ္တရားများနှင့် ပတ်သက်၍ မသေချာပါက၊ သင်သည် ဘက်မလိုက်သော ဥပဒေအကြံဉာဏ်ကို ရယူသင့်သည်။

**တောင်းခံလာပါက ဤထုတ်ဝေစာစောင်ကို အခြားပုံစံများဖြင့် ရနိုင်ပါသည်။**
နိုင်ငံလုံးဆိုင်ရာ အကြားအပြော ပံ့ပိုးမှု- ၁၃ ၃၆ ၇၇
ဘာသာပြန်နှင့် စကားပြန် ဌာန (TIS) - ၁၃ ၁၄ ၅၀

LGIRS26_0065